၂၉ ကြိမ်မြောက် တနင်္ဂနွေနေ့ အောက်တိုဘာ ၂၂ ၂၀၂၃

ဟေရှာယ ၄၅း၁၊ ၄–၆

သက်သာလောနိတ် ဩဝါဒစာ ပထမစောင် ၁း၁–၅

မာတေဦး ၁း၁–၅

အခွန်မဆောင်ပါနဲ့လို့ သခင်ယေရှုပြောရင် ဖာရိရှဲတို့ကိုသဘောကျစေမယ်၊ ဒါပေမဲ့ ဥပဒေကိုနာမခံဘူးဆိုပြီး သခင်ဘုရားကိုဖမ်းဆီးလိမ့်မယ်။ အခွန်ဆောင်ပါလို့ပြောရင် ဟေရောဒ်ဆိုတဲ့လူတို့ကိုသဘောကျစေလိမ့်မယ်။ အဲဒါနဲ့တဆက်တည်း လူပရိတ်သတ်အားလုံးတို့ရဲ့ ယုံကြည်သက်ဝင်ကိုးစားမှု ဆုံးရှုံးသွားနိုင်ပါတယ်။

လက်တွေ့ကျတဲ့အဖြေကိုဘဲပေးနိုင်ဘို့ သခင်ဘုရားက မေးခွန်းကိုမေးခဲ့ပါတယ်။ သူတို့ဆီမှာရှိတဲ့ ဒင်္ဂါးပြားနဲ့ဘဲ မေးခွန်းရဲ့အဖြေကို တွေ့ရှိစေခဲ့ပါတယ်။ ဒင်္ဂါးပြားပေါ်ကမည်သူ့ရဲ့ပုံ မည်သူ့ရဲ့လိပ်စာ ကလွန်စွာပင်အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ ဒင်္ဂါးပြားပေါ်မှာ ဆီဇာဘုရင်ရဲ့ပုံ ရှိပါတယ်။ ဒါကြောင့် သခင်ဘုရားက ဆီဇာနဲ့ဆိုင်တာကိုပေး ပြီး ဘုရားနဲ့ဆိုင်တာ ဘုရားကိုပေးပါဆိုပြီး ပြောခဲ့ပါတယ်။ ဒါဟာ ဒီနေ့မှာ ကျွန်ုပ်တို့အတွက် ဘယ်လိုအဓိပ္ပာယ်ရှိပါသလဲ။

ဆီဇာကိုပေးပါဆိုတာ နိုင်ငံတော်ကို အခွန်ပေးတာဖြစ်ပြီး ဘုရားကိုပေးတယ်ဆိုတာက ပူဇော်ဆက်ကပ်ခြင်းကို ဆိုလိုတာဖြစ်ပါတယ်။

(၁) နိုင်ငံတော်နဲ့ပတ်သက်လာရင် ခရစ်ယာန်တို့က အခွန်အကောက်ကိုပေးရမဲ့ တာဝန်ဝတ္တရားရှိတယ်ဆိုတာကို သင်ကြားပါတယ်။ ဒါ့အပြင် ဒီကမ္ဘာပေါ်ကခရစ်ယာန်အယောက်တိုင်းအတွက် တာဝန်ဝတ္တရားကအခွန်ပေးခြင်းဖြစ်ပြီး တိုင်းပြည်ရဲ့တိုးတက်ရာတိုးတက်ကြောင်းအတွက် ဖြစ်ရမယ်ဆိုတာဖြစ်ပါတယ်။

ဒီကမ္ဘာပေါ်မှာရှိနေတုံး ဘုရားရှင်ဟာ အခွန်အကောက် ပေးခဲ့ဘူးပါရဲ့လား။
ပေးခဲ့ပါတယ်။ ပင်လယ်ပြင်ဆီသို့သံပေတရုကိုစေလွှတ်ခဲ့ပြီး
ပထမဦးဆုံးရရှိတဲ့ငါးကနေ ငွေဒင်္ဂါးပြားရရှိခဲ့ပြီး အဲဒီငွေပြားကို
မိမိတို့ရဲ့အခွန်အတွက် ပေးခဲ့ပါတယ်။ (မဿဲ ၁၇း၂၄–၂၇)

(၂) ဒင်္ဂါးပေါ်မှာရှိတဲ့ ဆီဇာဘုရင်ရဲ့ပုံလိပ်စာ ဆိုတာ ဘာကိုသတိရစေသလဲဆိုရင် ကျွန်ုပ်တို့ဟာဘုရားရဲ့ပုံသဏ္ဌာန်တော်နဲ့ တူတဲ့ရုပ်သွင်နဲ့ ဖန်ဆင်းခံရတဲ့သူတွေဖြစ်ပါတယ်။ (ကမ္ဘာဦး ၁း၂၆)။ အရာဝတ္ထုတခုခုရဲ့အပေါ်မှာ ထင်ရှားတဲ့အမှတ်အသားတခုခု သို့မဟုတ် ရုပ်ပုံတည့်ရှိနေခြင်းဟာ ထိုအရာဟာ အဲဒီမှာပေါ်လွင်ထင်ရှားစွာရှိနေတဲ့ ရုပ်ပုံပိုင်ရှင်ရဲ့ ပိုင်ဆိုင်ရာပစ္စည်းဖြစ်တယ် ဆိုတာကို ပေါ်ပြပါတယ်။ အဲဒီအတိုင်းဘဲ (ဆေးကြောခြင်းမင်္ဂလာအမှတ်အသားအားဖြင့်) ဘုရားရဲ့တံဆိပ်ခတ်ခြင်းနဲ့ ဘုရားနဲ့တူတဲ့ပုံပန်းသဏ္ဌာန် ကျွန်ုပ်တို့အပေါ်မှာရှိခြင်းဟာ ကျွန်ုပ်တို့ဟာ ဘုရားနဲ့သက်ဆိုင်တာကို ဖော်ပြပါတယ်။ ဒီနေရာမှာ ဘယ်ပုံ ဘယ်လိပ်စာရဲ့အကြောင်းကို ကျွန်ုပ်တို့ ပြောနေပါသလဲ။ ဘုရားရဲ့ပုံသဏ္ဌာန်တော်နဲ့ရှိနေတဲ့ လူပုဂ္ဂိုလ်ဟာ မေတ္တာနဲ့ ရှိနေတဲ့လူကိုဆိုလိုပါတယ်။ တဦးကိုတဦးချစ်ခြင်း တဦးကိုတဦးအခွင့်လွှတ်ခြင်း တဦးကိုတဦးအစေခံခြင်း ကိုဆိုလိုပါတယ်။ အကြမ်းဖက်ခြင်း၊ သူတပါးကိုအနိုင်ကျင့်ခြင်းဆိုတာ ဘုရားရုပ်သွင်း ဘုရားရဲ့တံဆိပ်ခတ်ခြင်းကို ပျက်ပျယ်စေပါတယ်။

(၁) ဒင်္ဂါးပေါ်က ဆီဇာဘုရင်ရဲ့ပုံတံဆိပ်ဟာ ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ကို ဘုရားရဲ့ပုံသဏ္ဌာနဲ့ ဖန်ဆင်းခြင်းခံရတယ်ဆိုတာကို သတိရစေပါတယ်။ အပြစ်အားဖြင့် ဒီရုပ်သွင်တွေကို မပျက်စီးစေရပါ ဆိုတာကို သတိရစေပါတယ်။
(၂) ခရစ်ယာန်တဦးအနေနဲ့ ဒီကမ္ဘာမြေပေါ် ကိုယ်ရှိတဲ့တိုင်းနိုင်ငံမှာ အခွန်ပေးခြင်းဆိုတဲ့ တာဝန်ဝတ္တရားရှိတယ်ဆိုတာကို နားလည်စေပါတယ်။

တိုင်းနိုင်ငံတိုးတက်ရာတိုးတက်ကြောင်း လုပ်ဆောင်တဲ့နေရာမှာ ပါဝင်ခြင်းဖြစ်ပါတယ်။

ကျွန်ုပ်တို့အားလုံးဟာ တိုင်းနိုင်ငံနှစ်မျိုးနှစ်စားတို့ရဲ့ ပြည်သူပြည်သားများဖြစ်ကြပါတယ်။ နိုင်ငံရေးနဲ့သက်ဆိုင်တဲ့ပြည်သူပြည်သားနဲ့ ဘုရားရဲ့နိုင်ငံတော်နဲ့ဆိုင်တဲ့ နိုင်ငံတော်သူနိုင်ငံတော်သားများ ဖြစ်ကြပါတယ်။ နိုင်ငံတော်နှစ်မျိုးနှစ်စားလုံးက တိုင်းသူပြည်သားဖြစ်တဲ့ ကျွန်ုပ်တို့ရဲ့ သစ္စာရှိခြင်းကို အလိုရှိတယ်။
တကယ်တော့ တိုင်းသူပြည်သားတွေဟာ မိမိတို့ရဲ့အစိုးရကိုမှီခိုအားထားကြရတဲ့ လူများဖြစ်ကြပါတယ်။ ယခုခေတ်ကာလမှာ ရေ၊ လျှပ်စစ်ဓါတ်အား၊ လမ်းပန်းဆက်သွယ်ရေး အစရှိတဲ့ လူတွေရဲ့နေ့စဉ်လိုအပ်ချက်ကို တိုင်းနိုင်ငံအစိုးရရဲ့စီမံအုပ်ချုပ်မှုအပေါ် မှီခိုအားထားကြရပါတယ်။ ပညာရေး၊ ကျန်းမာရေး။ လမ်းပန်းဆက်သွယ်ရေး၊ အလုပ်မရှိ အလုပ်မလုပ်နိုင်တော့တဲ့လူတွေအတွက် အကျိုးခံစားခွင့်၊ မသန်မစွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ နဲ့ အခြားအခြားသောအားနည်းတဲ့သူများ မိမိတို့ရဲ့တိုင်းနိုင်ငံအကြီးအကဲတို့ရဲ့ စီမံအုပ်ချုပ်မှုအပေါ် ရှင်သန်ကြရတဲ့လူများဖြစ်ကြပါတယ်။ ဝန်ဆောင်မှုတိုင်းဟာ ဆက်လက်လည်ပတ်ပြီး ပိုပြီးပိုပြီးတိုးတက်ဘို့ဆိုရင် လူထုပရိတ်သတ်တိုင်းသူပြည်သားတို့ရဲ့ ပါဝင်ပူးပေါင်းဆောင်ရွက်မှုလိုအပ်တာကိုတွေ့ရပါတယ်။ များသောအားဖြင့်အခွန်ဆောင်ခြင်းမှာ ကျွန်ုပ်တို့ပါဝင်ကြပါတယ်။ ရည်ရွယ်ချက်ကတော့ လူတိုင်းလူတိုင်းဟာ ဘဝမှာလိုအပ်တဲ့ လူ့သိက္ခာအပြည့်အဝနဲ့အသက်ရှင်ခြင်းကို နေထိုင်နိုင်ခွင့်ရရှိဘို့ ဖြစ်ပါတယ်။

လူ့အသိုင်းအဝိုင်းမှာ လူ့ဘဝမြှင့်တင်ရေးအတွက် နည်းလမ်းအသွယ်သွယ်ရှိပါတယ်. ဒါတွေအါးလုံးကို ဆီဇာနဲ့ဆိုင်တာ ဆီဇာကိုပြန်ပေး လို့ မြင်လို့ရပါတယ်။

များသောအားဖြင့်မြင်ရတာက လူတွေဟာ အခြားသူတွေကိုမြင်တဲ့အခါ သူ့ရဲ့စိတ်ဝင်စားမှုက အသိုင်းအဝိုင်းမြှင့်တင်ရေးအတွက် ဘာကူညီပေးရမဲ့အစား သူတို့အတွက် အသိုင်းအဝိုင်းကနေ ဘာတွေရရှိနိုင်မလဲဆိုတာကို ပိုပြီးစိတ်ဝင်စားကြပါတယ်။

ဒီနေ့ဓမ္မဝေလီကျမ်းက ကျွန်ုပ်တို့မှာ တာဝန်ဝတ္တရား နှစ်မျိုးနှစ်စားရှိတယ်ဆိုတာကို သင်ကြားပါတယ်။ တိုင်းနိုင်ငံအစိုးရကိုပြုရမဲ့ တာဝန်ဝတ္တရားနဲ့ ဘုရားကိုပြုရမဲ့ တာဝန်ဝတ္တရား ဆိုပြီးရှိပါတယ်။ အဲဒီနှစ်မျိုးနှစ်စားဟာ လိုက်လျောညီထွေမှုရှိရင် အငြင်းပွားမှုဆိုတာ မရှိလာပါဘူး။ ဒါပေမဲ့ ကိုယ်ကျင့်တရားနဲ့ဆန့်ကျင်တဲ့အရာများ၊ တရားမျှတမှုမရှိခြင်းများ၊ လူ့ပရိတ်သတ်တို့ရဲ့ သိက္ခာနဲ့အခွင့်အရေးတွေကို ထိခိုက်စေတဲ့အရာများ ပေါ်လာခဲ့ရင်တော့ အငြင်းပွားမှုဆိုတာ ရှိလာတော့မှာ ဖြစ်ပါတယ်။

သာသနာပြုသူများအားလုံးအတွက်လဲ သတိရဆုတောင်းပေးကြပါစို့။ ဒီနေ့ဟာ တချို့သော တိုင်းနိုင်ငံမှာ မစ်ရှင်စန်းဒေးကျင်းပလို့လဲဘဲဖြစ်ပါတယ်။ သာသနာပြုတွေဟာ သတ္တိနဲ့ မျှော်လင့်ခြင်းနဲ့ ဘုရားကိုယုံကြည်ကိုးစားခြင်းနဲ့ သာသနာပြုနိုင်ဘို့လည်း ဆုတောင်းပေးကြပါစို့။ အာမင်။